★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၃၃ / ၂၀၀၇

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်။

**××× နိုင်ငံသူ၊ နိုင်ငံသားများ ညီညွတ်မယ်ဆိုရင် ဘယ်အာဏာပိုင်အဖွဲ့အစည်းကမှ နိုင်ငံသူ နိုင်ငံသားများရဲ့ ဆန္ဒကို တွန်းလှန်နိုင်မှာမဟုတ်ပါဘူး။ ပြည်သူလူထုက ညီညွတ်မယ်ဆိုရင် ဘယ်လိုအုပ်ချုပ်မှုစနစ်ကမှ ပြည်သူလူထုရဲ့ဆန္ဒကို အတိုက်အခံလုပ်နိုင်မှာ မဟုတ်ပါဘူး။ ကျမတို့ ထူထောင်ချင်တဲ့ အုပ်ချုပ်မှုစနစ်ဟာ ပြည်သူလူထု ဆန္ဒနဲ့ကိုက်ညီတဲ့ အုပ်ချုပ်မှုစနစ် ဖြစ်ပါတယ်။ ဒီလိုအုပ်ချုပ်မှုစနစ်ထူထောင်ဖို့အတွက် အားလုံးက တတ်နိုင်တဲ့ဘက်ကနေ ဝိုင်းဝန်းပြီးတော့ ပါဝင်ကြပါလို့ ကျမမေတ္တာရပ်ခံချင်ပါတယ် ×××**

**(မြန်မာပြည်မြောက်ပိုင်းခရီးစဉ်အတွင်း ၁၉၈၉ ဧပြီလ ၂၇ရက်နေ့ မြစ်ကြီးနားမြို့နယ် ကရိန်နော်ရွာတွင်ပြောကြားသောမိန့်ခွန်းမှ)**




ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံး
အထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ်
(၄)လနဲ့ (၂၄)ရက်ရှိသွားပါပြီ

## ယနေ့ သတင်းများ

**မနက်ဖြန်ဆန္ဒပြပွဲကြီးမှာ ပြည်သူတရပ်လုံး ပါဝင်ဖို့ (၈၈) မျိုးဆက် တိုက်တွန်း**

**မန္တလေး၊ မကွေး၊ မင်းဘူးနဲ့ ဇန်းမော်မြို့တွေမှာ သံဃာတော်တွေ ဆက်လက်ချီတက်ဆန္ဒပြကြ**

**မြစ်ကြီးနားမြို့မှာ ပထမဆုံးအကြိမ် သံဃာထု ကံဆောင်သပိတ်မှောက်ပွဲစတင်**

**သံဃာ့တပ်ပေါင်းစုက အထူးသတိပေးချက်ထုတ်ပြန်၊ ပြည်သူ့မျက်ရည်ကို သွေးစက်အဖြစ် မပြောင်းလဲပစ်ဖို့ မေတ္တာရပ်ခံ**

**ဆန္ဒပြပွဲအတွင်း သံဃာတော်များအပြင် သီလရှင်များပါ ပူးပေါင်းပါဝင်လာနေ**

**ဟင်္သာတမြို့က သံဃာတော်အပါး [၈၀၀] မေတ္တာပို့သကြွချီ**

**ရန်ကုန်မြို့မှာ လူထုက သံဃာထုနဲ့ပူးပေါင်း ဆန္ဒပြနေ**

**စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များမှ တပ်မ တော်သားများကို ရဟန်းရှင်လူ ပြည်သူတွေ ဖက်က ရပ်တည်ရန် ဖိတ်ခေါ်**

**ကွန်ဒိုလီဇာရိုက်က မြန်မာစစ်အစိုးရဟာ ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရအဖြစ် ကြေညာ**

**မြန်မာနိုင်ငံတွင်း ဆန္ဒပြလှုပ်ရှားမှုများ ရေချိန်မြင့်တက်နေဆဲ**

**မြန်မာနိုင်ငံအတွင်း ဆန္ဒပြပွဲများမှ ဓာတ်ပုံသတင်းမှတ်တမ်း**

**အထူးထုတ်ပြန်ကြေညာချက်**

# မနက်ဖြန်ဆန္ဒပြပွဲကြီးမှာ ပြည်သူတရပ်လုံး ပါဝင်ဖို့ (၈၈) မျိုးဆက် တိုက်တွန်း

ဒီဗွီဘီ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

မနက်ဖြန် ပြည်သူ့ဆန္ဒပြပွဲကြီးမှာ ပြည်သူတရပ်လုံးပါဝင်ကြဖို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဌေးကြွယ်က တိုက်တွန်းပြောကြားလိုက်ပါတယ်။ ရဟန်းရှင်လူ မြန်မာပြည်သူတရပ်လုံး၊ တမျိုးသားလုံးနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးလှုပ်ရှားမှုဖြစ်တယ်လို့ ကိုဌေးကြွယ်က ပြောကြားပါတယ်။

"တမျိုးသားလုံးနဲ့သက်ဆိုင်တဲ့ ပြဿနာတွေကို ကျနော်တို့ စုပေါင်းပြီးတော့ ဖြေရှင်းကြတော့ မယ်။" ၈၈ မျိုးဆက်ကျောင်းသားတွေလည်း ပါဝင်မှာဖြစ်ပြီး တနိုင်ငံလုံး ဆန္ဒဖော်ထုတ်ချိန်တန်ပြီဖြစ်လို့ ပြည်သူတရပ်လုံးလက်တွဲပါဝင်ဖို့ ကိုဌေးကြွယ်က ဖိတ်ခေါ်တိုက်တွန်းပါတယ်။

"ကျနော်တို့ ၈၈ မျိုးဆက်ကျောင်းသားတွေအနေနဲ့ မနက်ဖြန်ကို သံဃာ့တပ်ပေါင်းစုကနေပြီးတော့ ပြည်သူတရပ်လုံး သောင်းသောင်းဖြဖြပါဝင်ဖို့ တောင်းဆိုထားတဲ့တောင်းဆိုချက်ကို ကျနော်တို့ပါ ပါဝင်ကြမှာဖြစ်တယ်။" ပြည်သူက လက်မခံတော့ဘူးဆိုရင် မတရားဖိနှိပ်မှုတွေ၊ ဘယ်လိုအာဏာ၊ ဘယ်လိုအမိန့်မျိုးနဲ့မှ အုပ်ချုပ်လို့မရနိုင်တာကြောင့် အာဏာရှင်စနစ်ဆိုးကို အဆုံးသတ်ရေး ရဟန်းပြည်သူတရပ်လုံးကို တိုက်တွန်းပါတယ်။

"ကျနော်တို့မြန်မာနိုင်ငံရဲ့ကံကြမ္မာကို ကျနော်တို့ပြည်သူလိုလားတဲ့၊ ကျနော်တို့ပြည်သူလက်ခံတဲ့ အုပ်ချုပ်ရေးပုံစံပဲဖြစ်အောင် ကျနော်တို့ဖန်တီးကြပါစို့။" အာဏာရှင်စနစ်ဆိုးကို ပြုပြင်ပြောင်းလဲဖို့အတွက် လူတန်းစားအားလုံး အထူးသဖြင့် မျိုးချစ်တပ်မ တော်သားတွေနဲ့ အစိုးရဝန်ထမ်းတွေကိုလည်း ပါဝင်လာဖို့ တိုက်တွန်းပါတယ်။

"ခင်ဗျားတို့ရဲ့အခန်းကဏ္ဍဟာ အရမ်းကြီးမားပါတယ်။ ဒီစစ်အစိုးရရဲ့ ယန္တရားတခုလုံးကို ခင်ဗျားတို့မပါဘဲနဲ့ လည်ပတ်လို့မရပါဘူး။ အဲဒီတော့ မြန်မာနိုင်ငံသူနိုင်ငံသားတွေအတွက်၊ မြန်မာနိုင်ငံအတွက် ပြည်သူနဲ့ပူးပေါင်းဆောင်ရွက်ကြဖို့ ကျနော်တို့ဖိတ်ခေါ်ပါတယ်။"

မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ဆက်သွယ်ရန် – + 66 861 946 711 | E-mail; shwekhamauk@gmail.com

ပခုက္ကူနဲ့ စစ်တွေမြို့တို့မှာ အကြမ်းဖက်မှုတွေဖြစ်ပွားခဲ့ရပြီး စစ်အစိုးရက လူပေါင်းရာနဲ့ချီ ဖမ်းဆီးနေတာကြောင့် ဆက်လက်အကြမ်းဖက်မယ်ဆိုရင် သပိတ်တိုက်ပွဲ ဆက်လက်ဆင်နွှဲတုန့်ပြန်မယ်လို့လည်း ပြောကြားပါတယ်။

"ဒီလိုအကြမ်းဖက်မှုတွေနဲ့ စစ်အစိုးရက တုန့်ပြန်လာမယ်ဆိုရင် ဒီကနေ့ကျနော်တို့ဟာ တနိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်သူ့ဆန္ဒကို ငြိမ်းငြိမ်းချမ်းချမ်း ပြသနေခြင်းပဲဖြစ်တယ်။ ဆက်လက်ပြီးတော့ အကြမ်းဖက်လာဦးမယ်ဆိုရင် တနိုင်ငံလုံးအတိုင်းအတာနဲ့ သပိတ်တိုက်ပွဲကို ကျနော်တို့ ဆင်နွှဲသွားမှာ ဖြစ်ပါတယ်။"

စစ်အစိုးရနဲ့ ငြိမ်းချမ်းရေးယူထားတဲ့ အပစ်အခတ်ရပ် တိုင်းရင်းသားအဖွဲ့တွေကိုလည်း ပြည်သူတရပ်လုံးနဲ့လက်တွဲပြီး ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ပြည်သူတရပ်လုံးနဲ့ ပူးပေါင်းလက်တွဲပြီး နှစ်ပေါင်း များစွာကြီးစိုးခဲ့တဲ့ စစ်အာဏာရှင်စနစ်ဆိုးကို ဝိုင်းဝန်းဖယ်ရှားကြပါစို့လို့ တိုက်တွန်းပန်ကြားပါတယ်။

"အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားတွေကိုလည်း ကျနော်တို့ပြောချင်ပါတယ်။ တိုင်းရင်းသားတွေဟာ အမျိုးသားညီလာခံက ရလဒ်တွေကို မှေးလိုက်မနေတော့ဘဲနဲ့ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲနဲ့တိုင်းရင်းသားအားလုံးရဲ့အရေး၊ တမျိုးသားလုံးရဲ့အရေးကိုဦးတည်ပြီးတော့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ပြည်သူတရပ်လုံးနဲ့အတူ ပူးပေါင်းပြီးတော့ နှစ်ပေါင်းများကြီးစိုးခဲ့တဲ့ ဒီစစ်အာဏာရှင်စံနစ်ကို ကျနော်တို့ ဝိုင်းဝန်းဖယ်ရှားကြပါစို့။ မြန်မာပြည်သူတရပ်လုံးရဲ့အရေးကို ကျနော်တို့ မျက်မှောက်ပြုကြပါစို့။" ■

---

## မန္တလေး၊ မကွေး၊ မင်းဘူးနဲ့ ဗန်းမော်မြို့တွေမှာ သံဃာတော်တွေ ဆက်လက်ချီတက်ဆန္ဒပြကြ

ဗွီအိုအေ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

မကွေး၊ မင်းဘူး၊ မန္တလေးနဲ့ ဗန်းမော်မြို့ကအခြေအနေတွေကို ဗီအိုအေ မြန်မာပိုင်းအစီအစဉ်ရဲ့ထိုင်းနိုင်ငံအခြေစိုက် သတင်းထောက် ဦးမိုးဇော်က တင်ပြပေးထားပါတယ်။

ဒီကနေ့မနက် အာရုဏ်တက်ချိန်မှာ သံဃာတော်တွေဟာ မကွေးမြို့ အစဉ်ရန်ကွာ အောင်မြေရတနာကျောင်းရှေ့မှာ စတင်စုရုံးခဲ့ကြပါတယ်။ နောက် ပြည်တော်သာကျောင်း၊ ဘုရားသုံးဆူကျောင်း၊ ရတနာရာမကျောင်း၊ မြောက်စာသင်တိုက်နဲ့ အခြား စာသင်တိုက်တွေက ကိုယ်တော်တွေပူးပေါင်းပြီး အပါး (၃၀၀) လောက် မြို့အတွင်းလှည့်လည်ဆုတောင်းမေတ္တာပို့ ဆန္ဒပြခဲ့ပါတယ်။ ဒီအကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ဦးမြင့်ဦးက အခုလို ပြောပါတယ်။

"သံဃာတော်တွေဟာ ရှေ့ဆုံးမှာ ဒီသာသနာ့အလံကို ကိုင်ထားတယ်ဗျ။ နောက်ပြီးတော့ သုံးပါး–သုံးပါး တန်းစီတဲ့အထဲမှာ သပိတ်တွေကို မှောက်ထားကြတယ်။ နောက်ဆုံးပိတ်မှာလည်း သံဃာတော်တပါးရှိတယ်။ သူတို့ကတော့ မေတ္တာသုတ်တွေရွတ်တယ်၊ ပရိတ်တရားတွေ ရွတ်တယ်။"

သံဃာတွေရဲ့နောက်မှာ ကျောင်းသားနဲ့ပြည်သူတွေဟာ အတူချီတက် လိုက်ပါခဲ့ကြပါတယ်။ ဒီလိုလိုက်ပါသူတွေထဲမှာ အိန္ဒိယတိုင်းရင်းသားတွေနဲ့ တရုတ်အမျိုးသားတွေပါဝင်လာတာဟာ မကွေးမြို့ရဲ့ ထူးခြားမှုတခုပါလို့ ဦးမြင့်ဦး က ဆက်ပြောပါတယ်။

"အဲဒီအထဲမှာ အိန္ဒိယအမျိုးသားတွေလည်း ပါတယ်။ တရုတ်အမျိုးသားတွေလည်းပါတယ်။ဘေးတဖက်တချက်ကလည်း ဆိုင်ကယ်တွေ စက်ဘီးတွေနဲ့ လိုက်ကြပါတယ်ခင်ဗျ။ နောက်ပြီးတော့ အိမ်တွေကလည်းပဲ လက်အုပ်ကလေးတွေချီပြီးတော့ ထိုင်ပြီးတော့ ရှိခိုးကြပါတယ်ခင်ဗျ။ ဒီထဲမှာ အဖိုးအို၊ အဖွားအိုကြီးတွေက မျက်ရည်ကျပြီးတော့ ရှိခိုးနေတဲ့ပုံကတော့ အင်မတန်မှပဲ စိတ်ထိခိုက်စရာကောင်းပါတယ်။"



သံဃာတော်တွေ ဆန္ဒပြပြီးတဲ့နောက်မှာ မကွေးမြို့က ကုန်သည်တွေ၊ စက်ပိုင်တွေက ဘုန်းတော်ကြီးကျောင်းတွေကို ဆန်တွေသွားရောက်လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ရောဝတီမြစ်တဖက်ကမ်းက မင်းဘူးမြို့မှာလည်းသံဃာအပါး (၄၀) လောက်ဟာ ဒီနေ့ပါဆို သုံးရက်တိတိ မေတ္တာပို့ ပရိတ်ရွတ်ဆိုလှည့်လည်ခဲ့ကြတယ်လို့ ဦးမြင့်ဦးက ဆက်ပြောပါသေးတယ်။ ဗန်းမော်မြို့ကအခြေအနေကိုတော့ မြို့ခံသံဃာတော်တပါးက အခုလို မိန့်ကြားပါတယ်။

"သိမ်တော်ကြီးဘုရားထဲမှာစုပြီးတော့ မြို့ထဲကိုလှည့်ပြီလေ။ ဦးပဥ္စင်းတို့ မြို့ထဲလှည့်တဲ့ အစီအစဉ်ကတော့ ဘုရားကနေထွက်ပေ့ါလေ၊ ဈေးဖက်ကို ဦးတည်သွားတာပေ့ါ ပထမဆုံး။ အဲဒီမှာ ဦးဇင်းတို့က မေတ္တာသုတ်၊ မောရသုတ်၊ အရပ်ဆယ်မျက်နှာ မေတ္တာပို့ပေ့ါလေ၊ အဲဒါတွေ သံပြိုင်ရွတ်ပြီးတော့ သွားကြတယ်။ ဈေးပတ်ပြီးတော့ ရုံးရှေ့ရောက်တယ်လေ။ ရုံးရှေ့ကနေမှ တဆင့် ဦးပဥ္စင်းတို့ နောက်ဆေးရုံ၊ မြို့မ၊ တရုတ်တန်း၊ အကုန်လုံးပတ်ပြီးတော့ တပတ်လည်းပြည့်ရော ဘုရားထဲပဲ ဦးပဥ္စင်းတို့ ပြန်စုကြတာပေ့ါ၊ အကုန်လုံး။"

**"အဲဒီအထဲမှာ အိန္ဒိယအမျိုးသားတွေလည်း ပါတယ်။ တရုတ် အမျိုးသားတွေလည်းပါတယ်။ ဘေးတဖက်တချက်ကလည်း ဆိုင်ကယ်တွေ စက်ဘီးတွေနဲ့ လိုက်ကြပါတယ်ခင်ဗျ။ နောက်ပြီးတော့ အိမ်တွေကလည်းပဲ လက်အုပ်ကလေးတွေချီပြီးတော့ ထိုင်ပြီးတော့ ရှိခိုးကြပါတယ်ခင်ဗျ။ ဒီထဲမှာ အဖိုးအို၊ အဖွားအိုကြီးတွေက မျက်ရည်ကျပြီးတော့ ရှိခိုးနေတဲ့ပုံကတော့ အင်မတန်မှပဲ စိတ်ထိခိုက်စရာကောင်းပါတယ်။"**

ဒီလို ဗန်းမော်မြို့မှာ ဆန္ဒပြပွဲတဲ့သံဃာတော်တွေကို ပြည်သူတွေက လက်အုပ်ချီပြီး ပူဇော်ခဲ့ကြတယ်လို့ပြောပါတယ်။ ပြည်သူတွေအပေါ် သဘောထားကိုတော့ ဗန်းမော်မြို့ခံ သံဃာတော်က အခုလိုဆက်လက်မိန့်ကြားပါတယ်။

"ဗန်းမော်က ကနေ့မှ သံဃာတွေကစတာဆိုတော့ ဦးပဥ္စင်းတို့က ပြည်သူတွေကို မလိုက်ဖို့တားထားတာပေ့ါ။ ဦးဇင်းတို့က နိုင်ငံရေးဦးတည်တာမဟုတ်ဘူးလေ။ ဦးပဥ္စင်းတို့ရဲ့ ပတ္တနိက္ကုဇ္ဇနကို ဗန်းမော်မှာရှိတဲ့ သံဃာအားလုံးကနေပြီးတော့ ဆန္ဒမဲပေးတဲ့အနေနဲ့ ဦးဇင်းတို့က မြို့ထဲထွက်တာပါ။ ဒါပေမယ့် နောက်ရက်တွေအနေနဲ့ ဦးပဥ္စင်းတို့ ပြောချင်တာကတော့ ပြည်သူတွေလည်း သံဃာတော်တွေနဲ့အတူ လိုက်စေချင်တယ်ပဲ ပြောချင်တာကိုး။"

အာဏာပိုင်တွေဖက်ကတော့ ဆန္ဒပြသံဃာတွေကို ဓါတ်ပုံရိုက်တာပဲရှိပြီး တားဆီးတာမျိုးတော့မရှိခဲ့ဘူးလို့သိရပါတယ်။ မန္တလေးမြို့မှာတော့ ထီးလင်းတိုက်၊ ဘုရားကြီးတိုက်၊ မြတောင်တိုက်တွေကနေ သံဃာတော်အပါး (၂,၀၀၀)နီးပါး မြို့တွင်းကို လှည့်လည်ဆန္ဒပြခဲ့တယ်လို့ ထီးလင်းတိုက်က ကိုယ်တော်တပါးက မိန့်ကြားပါတယ်။

"နေ့လည် တနာရီက တဖွဲ့ကြွတယ်။ တနာရီကတဖွဲ့က ထီးလင်းတိုက်ထဲ ကနေကြွတယ်။ ထီးလင်းတိုက်က သံဃာ (၂၀၀) ကျော်ရှိတယ်။ ဘုရားကြီးတိုက်ကလည်း နေလည့် ၁၂နာရီလောက်ကြွတယ်။ ဘုရားကြီးတိုက်က သံဃာ (၇၀၀) ကျော်လောက်ရှိတယ်။ မြတောင်ကလည်း သံဃာ ၁,၀၀၀ ကျော်လောက်ထွက်တယ်။ ဦးပဥ္စင်းတို့ ဒီ ထီးလင်းတိုက်က ဘုရားကြီးကနေ ၇၈ လမ်းမကြီးအတိုင်း ကြွတယ်။ ၇၈ လမ်းမကြီးကနေ ဈေးချို၊ ဈေးချိုကနေ ဘုရားကြီးမှာ ပြန်ပတ်ပြီးတော့လက်ျာရစ်လှည့်ပြီးတော့ ကျောင်းပြန်ရောက်တယ်။ ဘုရားကြီးတိုက်ကတော့ ဘုရားကြီးကနေဝင်ပြီးတော့ ဈေးချိုထွက်၊ ဈေးချိုကနေပြီးတော့ ဒီဖက် ၇၈ လမ်းမကြီးအတိုင်း ပြန်လျှောက်ပြီးတော့ဆုံးပါတယ်။ မြတောင်ထွက်တာတော့ ဦးပဥ္စင်းတို့ သိပ်မသိဘူး။ ထွက်တယ်လို့ပဲ သတင်းရတယ်။" ■

# မြစ်ကြီးနားမြို့မှာ ပထမဆုံးအကြိမ် သံဃာထု ကံဆောင်သပိတ်မှောက်ပွဲစတင်

ဗွီအိုအေ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

ဒီကနေ့မှာမှစတင်ပြီး လှုပ်ရှားမှုဖြစ်ပေါ်ခဲ့တဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့က ဆန္ဒပြပွဲအခြေအနေကိုတော့ မြစ်ကြီးနားမြို့ခံတဦးကို ဆက်သွယ် မေးမြန်းပြီး ဦးကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

"အစိုးရကဖွင့်ထားတဲ့ စာသင်တိုက်ပေ့ါ၊ သံဃာတွေကိုသင်တန်း ပို့ချတဲ့ ကျောင်းထိုင်သင်တန်းကျောင်းပေ့ါ၊ အဲဒီ ကျောင်းထိုင်ဘုန်းကြီး ကျောင်းက စထွက်ပါတယ်။ သံဃာ ၂၀၀ ကျော်ပေ့ါ။ အဲဒီကနေစထွက်ပြီး တော့ မြို့ကို လှည့်ပတ်တာပေ့ါနော်။ အဲဒီမှာ ကျောင်းပေါင်းစုံပါဘဲ၊ အဲဒီမှာ ပါတာလေ။ ဒီကနေ့ကတော့ စစချင်းဆိုတော့ သိပ်မသိသေးတော့ ၂၀၀ ကျော် လောက်ပဲပေ့ါ၊ ၂၈၀ အဲဒီလောက်ပဲပါတာပေ့ါ။ သံဃာထု အများကြီးမပါ သေးဘူးပေ့ါ။"

ဗွီအိုအေ။ ။ မြို့လူထုရဲ့ ပံ့ပိုးမှု၊ ထောက်ခံမှုကရော –

"များပါတယ်၊ ပရိတ်သတ်တွေကတော့ အနောက်ကနေပြီးတော့ ဆိုင်ကယ်တွေ၊ စက်ဘီးတွေတို့ လမ်းလျှောက်တဲ့လူတွေဘာတွေနဲ့တော့ များပါတယ်။ ၇၀၀ – ၈၀၀ လောက်တော့ ရှိပါတယ်။ လမ်းမှာ ရပ်ကြည့်တဲ့ လူတွေကတော့ အများကြီး ဘဲပေ့ါ။"

အစိုးရကဖွင့်ထားတဲ့ စာသင်တိုက်ပေ့ါ၊ သံဃာတွေကိုသင်တန်း ပို့ချတဲ့ ကျောင်းထိုင်သင်တန်းကျောင်းပေ့ါ၊ အဲဒီ ကျောင်းထိုင်ဘုန်းကြီး ကျောင်းက စထွက်ပါတယ်။ သံဃာ ၂၀၀ ကျော်ပေ့ါ။ အဲဒီကနေစထွက်ပြီး တော့ မြို့ကို လှည့်ပတ်တာပေ့ါနော်။ အဲဒီမှာ ကျောင်းပေါင်းစုံပါဘဲ၊

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ အဲဒီလို သံဃာတွေလှည့်ကြတာ ဘယ်လောက်ကြာသလဲခင်ဗျ –

"၁၀ နာရီခွဲကနေပြီးတော့ စထွက်သွားတာဗျ။ ၁ နာရီခွဲ လောက်မှာ ကျောင်းတိုက်ကို ပြန်ဝင်သွားပါတယ်။ ကျောင်းတိုက်ဝင်တဲ့အချိန် မှာ ကျောင်းသားလေးတယောက်ကတော့ ပါသွားတယ်ခင်ဗျ။ ကျောင်းသားလေး တယောက်တော့ ဆွဲသွားတယ်။ အဲဒီမှာ သူက ၉ တန်း၊ ၁၀ တန်းပေ့ါ၊ ကျူရှင် သင်ပေးတာပေ့ါ၊ ပညာဒါနလုပ်တဲ့ ကျောင်းသားလေးပေ့ါ။ ကင်မရာနဲ့ လိုက်ရိုက်တော့ ကျောင်းသားလေးတယောက်ကတော့ အက်စ်ဘီ က ဆွဲသွား တယ်ခင်ဗျ။"

ဗွီအိုအေ။ ။ ဘယ်နေရာမှာ ဘယ်လိုမျိုးဆွဲသွားတာလဲခင်ဗျ၊ နဲနဲလေး အသေးစိတ်ကလေး ပြောပြပေးပါလား –

"ကျနော်တို့မြို့ပတ်ပြီးတော့ ကျောင်းထိုင်ကျောင်းကို ပြန်ဝင်ခါနီး မှာ ယုဇန ရပ်ကွက်ရောက်တယ်ခင်ဗျ။ အဲဒီကျောင်းသားလေးက ရပ်ကွက် ထဲဝင်တဲ့အချိန်မှာ ရဲတွေကပိတ်ပြီးမှ ဖမ်းသွားလိုက်တာခင်ဗျ။ အဲဒီ ကျောင်းသားလေးပျောက်နေလို့ အခုတော့ သံဃာတွေကတော့ လိုက်ရှာ နေကြတယ်။"

ဗွီအိုအေ။ ။ သံဃာတွေကြွချီတဲ့ပုံလေး၊ နဲနဲလေး ပုံပေါ်အောင် ပြောပြပေးပါလား –

"ရှေ့ဆုံးကတော့ သာသနာ့အလံ ၂ ပါး ကိုင်ထားတယ်။ အလယ် ကတော့ ကံဆောင်သပိတ်ကို မှောက်ထားတယ်ပေ့ါ။ အဲဒီကနေပြီးတော့ ၃ ပါးစီ ညီညီညွတ်ညွတ်နဲ့ လမ်းလျှောက်ပြီးတော့ နောက်ဆုံးကတော့ သာသနာ့အလံကိုင်ထားတဲ့အဖွဲ့တွေနဲ့ တရားတွေရွတ်ပြီးတော့ သွားလိုက် တာပေ့ါ။"

မြစ်ကြီးနားမြို့မှာ ပထမဆုံးအကြိမ် သံဃာတော်တွေ ကံဆောင် သပိတ်မှောက်တဲ့အကြောင်း မြို့ခံတဦးက ပြောပြသွားတာဖြစ်ပါတယ်။ အဲဒီ မြို့ခံကဘဲ နောက်နေ့တွေမှာ သံဃာထုနဲ့ မြို့လူထုရဲ့လှုပ်ရှားမှုတွေ ရှိလာနိုင် တယ်လို့ သူက ခန့်မှန်း သုံးသပ် ပြောဆိုသွားပါတယ်။ ■

# သံဃာ့တပ်ပေါင်းစုက အထူးသတိပေးချက်ထုတ်ပြန်၊ ပြည်သူ့မျက်ရည်ကို သွေးစက်အဖြစ် မပြောင်းလဲပစ်ဖို့ မေတ္တာရပ်ခံ

ဒီဗွီဘီ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

မနက်ဖြန် သပိတ်မှောက်ချီတက်ဆန္ဒပြပွဲမှာ သတ်မှတ်ဆိုင်း ဘုတ်ပိုစတာများကိုသာ ကိုင်ဆောင်ကြဖို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့ တပ်ပေါင်းစုအဖွဲ့ကြီးက အထူးသတိပေးကြေညာလိုက်ပါတယ်။ သံဃာတော် များနဲ့ ပြည်သူများပူးပေါင်းချီတက်ဆန္ဒပြရာမှာ အလွယ်တကူ မနှောင့်ယှက် နိုင်စေဖို့ ရည်ရွယ်ထုတ်ပြန်ခြင်းဖြစ်ပြီး တောင်းဆိုချက်တွေ များပြားထွေပြား မယ့်အရေးကို ကြိုတင်တားဆီး ခြင်းဖြစ်တယ်လို့ သံဃာ့တပ်ပေါင်းစုအဖွဲ့ရဲ့ ဦးဆောင်ဆရာတော်တပါးက မိန့်ကြားပါတယ်။

၁။ စားဝတ်နေရေးပြေလည်ရေး၊
၂။ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊
၃။ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊

စတဲ့ တောင်းဆိုချက်ပါ ပိုစတာဆိုင်းဘုတ်များကိုသာ ကျောင်းသားများ အပါအဝင် ပြည်သူလူထု အားလုံးကိုင်ဆောင်ကြဖို့ ဆရာတော်ကမိန့်ကြားပါ တယ်။ ဒီအချက် (၃) ချက် ဟာ ဆန္ဒပြရာမှာ လိုက်ပါ ပူးပေါင်းလာမယ့် ပြည်သူ လူထုအားလုံးအတွက် ရည်ညွှန်းတာဖြစ်ပြီး သံဃာတော်များကို ကိုယ်ထိ လက်ရောက်စော်ကားထားတာကို ဝန်ချတောင်းပန်ရေးအပါအဝင် သံဃာထုတောင်းဆိုချက် (၄) ချက်ကိုတော့ စစ်အစိုးရဘက်က ဖြည့်ဆည်း မပေးသေးတာကြောင့် ဆက်လက်ကိုင်စွဲထားတယ်လို့ ဆက်လက်မိန့်ကြားပါ တယ်။ ရန်ကုန်သံဃာ့တပ်ပေါင်းစုကြီးကတောင်းဆိုချက်မှာ ကုန်ဈေးနှုန်းနဲ့ လောင်စာဆီဈေးနှုန်းချက် ခြင်းလျှော့ချရေး၊ ဒေါ်အောင်ဆန်းစုကြည်အပါအ ဝင် နိုင်ငံရေးအကျဉ်းသားအားလုံးနဲ့ ဆန္ဒပြမှုကြောင့် ဖမ်းဆီးထားသူများကို ချက်ခြင်းလွှတ်ပေးရေး၊ လူထုအကျပ်အတည်းဖြေရှင်းရေးနဲ့ ဒီမိုကရေစီ အင်အားစုများနဲ့ တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ချက်ချင်းလုပ်ရေးတို့လည်း ပါဝင်ပါတယ်။ ပိုစတာဆိုင်းဘုတ်ကိုင်စွဲထားတဲ့ လူထုလူတန်းစားအသီးသီးတို့ကို သံဃာတော်များက ထိန်းသိမ်းစောင့် ရှောက်ပေးဖို့လည်း သံဃာ့တပ်ပေါင်းစုက အထူးသတိပေးပါတယ်။

"သံဃာထုတရပ်လုံးရဲ့ မေတ္တာဓာတ်ကြောင့် ပြည်သူအားလုံးထံ ကိုလည်း မေတ္တာဓာတ်တွေ လွှမ်းမိုးပြီး မျက်ရည်စမ်းတွေအဖြစ် စီးဝင် သွားခဲ့ပါပြီ ဖြစ်လို့ သံဃာထုရဲ့မေတ္တာအရိပ်ကိုခိုလှုံပြီး အေးချမ်းစွာ ရပ်တည်ဖြေရှင်းဖို့ စစ်အစိုးရကို ဆရာတော်က တိုက်တွန်းပါတယ်။"

"သံဃာထုတရပ်လုံးရဲ့ မေတ္တာဓာတ်ကြောင့် ပြည်သူအားလုံးထံ ကိုလည်း မေတ္တာဓာတ်တွေ လွှမ်းမိုးပြီး မျက်ရည်စမ်းတွေအဖြစ် စီးဝင် သွားခဲ့ပါပြီ" ဖြစ်လို့ သံဃာထုရဲ့မေတ္တာအရိပ်ကိုခိုလှုံပြီး အေးချမ်းစွာ ရပ်တည်ဖြေရှင်းဖို့ စစ်အစိုးရကို ဆရာတော်က တိုက်တွန်းပါတယ်။

"အာဏာပိုင်များအနေနဲ့ အဲဒီ သံဃာထုအားလုံးရဲ့ မေတ္တာ အရင်းခံခဲ့တဲ့ချွေးတွေနဲ့ပြည်သူလူထုအားလုံးရဲ့ ကျလာတဲ့မျက်ရည် အပေါင်း တွေကို သွေးစက်တွေအဖြစ် ပြောင်းလဲမပစ်လိုက်ပါနဲ့လို့ မေတ္တာ စိတ်အပြည့်အဝနဲ့ ပြည်တွင်းပြည်ပ သံဃာထုတရပ်လုံးရဲ့ကိုယ်စား မြန်မာနိုင်ငံ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးကနေ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။" ■

# ဆန္ဒပြပွဲအတွင်း သံဃာတော်များအပြင် သီလရှင်များပါ ပူးပေါင်းပါဝင်လာနေ

ဟစ်တိုင် ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

ယနေ့ စက်တင်ဘာလ ၂၃ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၌ ရဟန်းသံဃာတော်များအပြင် သီလရှင်များပါဝင်လာပြီး အင်အားသောင်းနှင့်ချီသော ပြည်သူလူထုများပါ ရဟန်းသံဃာတော်များ ဝန်ရံလိုက်ပါလာကြသည်။

ဆန္ဒပြနေသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ၏ မြင်ကွင်းကို ကမ္ဘာ့သတင်းဌာနများက ဆက်တိုက်ထုတ်လွှင့်ပေးနေပြီးစတင်ကံဆောင်စ စက်တင်ဘာ ၁၈ ရက်က ရာဟူးတွင် ရေပန်းအစားဆုံးသတင်း (most popular email) ဖြစ်ခဲ့သည်။ ယနေ့လည်း အများဆုံး အဖြန့်ခံရဆုံး အီးမေးသတင်း (most emailed news) (၁၀)ခုထဲတွင် ပါဝင်သည်။ ဗုဒ္ဓသာသနာ့အလံများ လွှင့်ထူကာ ငြိမ်းချမ်းစွာဆန္ဒပြနေသော ရဟန်းတော်များ၏ပုံရိပ်သည် ကမ္ဘာ့တလွှားတွင် ထောက်ခံမှုနှင့် ဂရုဏာမဲကို ရရှိသွားခဲ့သည်။

ယနေ့တွင် ချီတက်ဆန္ဒပြသော လူရဟန်းတို့မှာ စစ်ကြောင်းအသွင် သဏ္ဍာန် ၅ စုခွဲထွက်သွားကြောင်း နောက်ဆုံးကျန်သော အမေရိကန်သံရုံးရှေ့မှ လူ၊ ရဟန်းအုပ်စုမှာ အများဆုံးဖြစ်ကြောင်း မြောက်ဥက္ကလာဘက်သို့ ပြန်ကြွချီ သွားသော အစုတွင် သံဃာအပါး ၇၀၀ ကျော် လူ ၅၀၀ ကျော်ရှိကြောင်း၊ တောင်ဥက္ကလာဘက်သို့ ခွဲထွက်သွားသောအစုမှာ သံဃာ ၃၀၀ နှင့် လူ ၅၀၀ကျော်ကြောင်း ဗိုလ်တထောင်ဖက်သို့ ခွဲထွက်သွားသောအစုမှာ လူနှင့် သံဃာထောင်ကျော်ကြောင်း၊ မြေနီကုန်းအားဖြတ်ကာ ရန်ကင်းဖက်သို့ခွဲထွက်လာသော အစုမှာလည်း လွန်စွာများပြားကြောင်း ရဟန်းထောင်ချီနိုင်သည်ဟု ဟစ်တိုင်သို့ ရန်ကုန်သားတစ်ဦးမှ ဖြေဆိုပါသည်။ စုစုပေါင်း အင်အားကိုမူ သံဃာ(၁၀၀၀)ခန့်ရှိကြောင်း ဆန္ဒပြရဟန်းတော်တပါးက အနီးရှိ ၈၈ ကျောင်းသားတဦး၏ ဖုန်းမှဖြေကြားပါသည်။

**မနက်ဖြန်စုရပ်မှာ ရွှေတိဂုံစေတီခြေတော်ရင်းမှ ကြေးသွန်းဘုရားကြီး တွင်ဖြစ်ကာ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ ပါဝင်လာမည်ဟု သိရှိရသည်၊ ကျောင်းသား၊ ပြည်သူ၊ ရဟန်းတို့ပူးပေါင်းလာမှုကို စစ်အစိုးရငြိမ်နေ၍ စောင့်ကြည့်နေခြင်းကိုလည်း ပြည်သူများ သံသယဝင်နေကြကြောင်း၊ ယနေ့ ခါတိုင်းထက် ထူးခြားချက်မှာ ရဲထောက်လှမ်းရေးများ အလွန်ခြေရှုပ် လာသည်ကို တွေ့မြင်ရသဖြင့် သံဃာ့လှုပ်ရှားမှုခေါင်းဆောင်များအား ယနေ့ညတွင် ဖမ်းဆီးလာနိုင်ကြောင်း အတွင်းသိတဦးမှ ၎င်း၏ ထင်မြင်ချက်အားဆိုသည်။**

ယနေ့ရန်ကုန်မြို့တွင် စစ်ကြောင်းများချီတက်ရာ လမ်းများပိတ်ဆို့ လျက်ရှိပြီး လိုင်းကားများမှာ သံဃာထုကြီး ကြွချီတော်မူလာသည်။ မြင်သည်နှင့် ကားများအားရပ်တန့်ထားပြီး ကားပေါ်မှခရီးသည်များကလည်း ကားအောက် ဆင်းလာကာ လက်အုပ်ချီကန်တော့ကြသည်ကို တွေ့မြင်ရသည်မှာ ကြည်နူးစရာဟုဖြေဆိုပါသည်။ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရာ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် (၅၄) ရှေ့တွင် သံဆူးကြိုး အသစ်များ ထပ်မံချထားကြောင်း၊ ၎င်း တက္ကသိုလ်ရိပ်သာ လမ်းသွယ်များတွင်လည်း အချုပ်ကားများ၊ မီးသတ်ကားများ၊ လုံထိန်းကားများ ထိုးထားကြောင်း လတ်ပတ်အနီးဖြင့် လုံခြုံရေးများလည်း အင်အားတိုးမြှင့်ကာ ယနေ့တွင် ထိုလမ်းသို့ဝင်ကာ နှိမ်နင်းနိုင်သည်ဟု သတင်းအတိအကျ ရရှိထား သောကြောင့် သံဃာတော်များ ယနေ့တွင် ဤမျှနှင့်သာ ရောင့်ရဲလိုက်ပြီး မနက်ဖြန် စက်တင်ဘာလ (၂၄) ရက်နေ့တွင် ပြည်သူအား တပ်လှန့်ထားသောနေ့ အတွက် အားခဲကာ လုပ်ကြရဦးမည်ဟု ခြောက်ထပ်ကြီးဘုရား ဝတလုံးကျောင်းမှ ဦးပဥ္စင်း တပါးမှ ဖြေဆိုပါသည်။

မနက်ဖြန်စုရပ်မှာ ရွှေတိဂုံစေတီခြေတော်ရင်းမှ ကြေးသွန်းဘုရားကြီးတွင်ဖြစ်ကာ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ ပါဝင်လာမည်ဟု သိရှိရသည်၊ ကျောင်းသား၊ ပြည်သူ၊ ရဟန်းတို့ပူးပေါင်းလာမှုကို စစ်အစိုးရငြိမ်နေ၍ စောင့်ကြည့်နေခြင်းကိုလည်း ပြည်သူများသံသယဝင်နေကြကြောင်း၊ ယနေ့ခါတိုင်းထက် ထူးခြားချက်မှာ ရဲထောက်လှမ်းရေးများ အလွန်ခြေရှုပ်လာသည်ကို တွေ့မြင်ရဖြင့် သံဃာ့လှုပ်ရှားမှု ခေါင်းဆောင်များအား ယနေ့ညတွင် ဖမ်းဆီးလာနိုင်ကြောင်း အတွင်းသိတဦးမှ ၎င်း၏ထင်မြင်ချက်အားဆိုသည်။

ဘတ်စ်ကားများတွင် သံဃာတော်များအား ကားခလျှော့ပါ်နိုင်း ပါသည်ဟူသော စာသားများရေးထားပြီး ကံဆောင်သံဃာများအတွက် ကားခအခမဲ့ စီးနင်း လိုက်ပါနိုင်ရန် စီစဉ်ပေးကြသည်။ လူထုတရပ်လုံးမှာ ကလေးလူကြီးမကျန် သံဃာများဘက်မှ ရပ်တည်ထောက်ခံနေသဖြင့် ဖြိုခွင်းရန်ခက်ခဲပြီး စစ်အစိုးရ အကြီးအကျယ် အကျပ်ရိုက်နေပုံရသည်။ လမ်းဘေးမှနေ၍ သံဃာတော် များအား ဦးချကန်တော့နေသူများဘေးမှ ရပ်၍ လက်အုပ်ချီနေသူများကို အမြဲတွေ့နေရသည်။

သံဃာ ၁၂၀၀၀ ကျော်နှင့် သီလရှင်ဆရာလေးအပါး ၃၀၀ ခန့်သည် လူထုကြီးကိုဦးဆောင်၍ ရန်ကုန်မြို့တွင်လှည့်လည်ဆန္ဒပြနေကြောင်း စစ်ကြောင်ထဲတွင်ရှိနေဆဲ (၈၈) ကျောင်းသားတဦးက ညနေ ၄ နာရီကျော်တွင် ဖုန်းဖြင့်ပြောကြားသည်။ သံဃာတော်များက ရှေ့မှ ကြွချီကာ သီလရှင်ဆရာလေးများက နောက်မှလိုက်ကြွလာပြီး လူထုက ဘေးမှ လက်ချင်းချိတ်ဆက်ကာ ကာကွယ်လိုက်ပါလာသည်။

လူထုအင်အားက များတယ်။ လုံးဝအပြည့်ပဲ။ ကလေးတွေရော မိန်းကလေးတွေရော လက်တွဲပေးတယ်။ လူကတော့ ဘုန်းကြီးထက် ပိုများတာပေ့ါ။ အပြည့်ပဲဟု သံဃာတော်များနှင့် လိုက်ပါနေသည့် (၈၈) ကျောင်းသားက တာမွေရဲစခန်းအနီး စစ်ကြောင်းအရောက်တွင်ပြောကြားသည်။

ယနေ့ စစ်ကြောင်းနှစ်ကြောင်းခွဲ၍ သံဃာတော်နှင့် သီလရှင်ဆရာလေးများ ကြွချီကြရာ လူထုကြီးကပါ နောက်နှင့်ဘေးနှစ်ဘက်မှ ချီတက်လိုက်ပါလာသည်။ အလယ်မှ သံဃာထုကို လူကြီးလူငယ် ဒကာဒကာမများက လက်ချင်းချိတ်ကာ သံကြိုးဆက်ကာကွယ်ပေးထားကြသည်။

ယနေ့သည် သံဃာများစတင်ကံဆောင်သည့်နေ့မှစ၍ သံဃာနှင့်လူထုအင်အားအများဆုံးဖြစ်ပြီး သီလရှင်ဆရာလေးများ စတင်ထွက်လာသည့်နေ့လည်းဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးကလည်း လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသော စစ်မှန်သည့် ဒီမိုကရေစီစနစ်တောင်းဆိုရန် ကျောင်းသားပြည်သူ၊ ဝန်ထမ်းနှင့်လက်နက်ကိုင် အဖွဲ့အစည်းအသီးသီး ပါဝင်ဆောင်ရွက်ရန် အရေးကြီးနေပြီဖြစ်၍ နက်ဖြန်စက်တင်ဘာ ၂၄ ရက်၊ နံနက် ၉ နာရီမှစ၍ ကိုယ့်အခွင့်အရေးကို အကြမ်းမဖက်တောင်းဆိုကြရန် စစ်အစိုးရကို တိုက်တွန်းနိုးဆော်လိုက်သည်။ ■



## ဟသ်ာတမြို့က သံဃာတော်အပါး [၈၀၀] မေတ္တာပို့သကြွချီ

ဒီဗွီဘီ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

ရေဝတီတိုင်း ဟသ်ာတမြို့မှာ သံဃာတော်အပါး (၈၀၀) ခန့် မွန်းလွဲ (၂) နာရီခန့်မှာ စတင်ကြွချီ မေတ္တာပို့သပါတယ်။ မြစ်ကွေ့၊ ရွှေကျောင်း၊ ရတနာ့ဗိမာန်၊ ပတ္တမြား စတဲ့ကျောင်းတိုက်များက သံဃာတော်များစုပေါင်း ပြီး (၄) ပါးတတန်း ကြွချီတာကို မြို့လုံးကျွတ် အားပေးတယ်လို့ ဟသ်ာတမြို့ခံတဦးက ပြောပြပါတယ်။ ညနေ (၄) နာရီကျော်အထိ ကြွချီတဲ့ သံဃာတော်တွေရဲ့နောက်မှာ ဒေသခံပြည်သူ (၂၀၀၀) ကျော်က လက်ချင်းယှက်ပြီး အကာအကွယ်ပေးကာ ငြိမ်းငြိမ်းချမ်းချမ်း လိုက်ပါသွားပါတယ်။

ဟသ်ာတမှာ မနေ့ကလည်း သံဃာတော်အပါး (၈၀၀) ခန့်ကြွချီချိန်မှာ မြို့နယ်ရဲမှူးအိမ်ရှေ့နဲ့ ဆည်မြောင်းကုန်းဘက်တို့မှာ လမ်းပေါ်သစ်ပင်လှဲပြီး တားထားပေမယ့် သံဃာတော်များက မိုးရေထဲမှာ ခိုက်ခိုက်တုန်နေတဲ့ ကြားကပဲ ကျော်ဖြတ်ကြွချီခဲ့ပါတယ်။ မနက်ဖြန် တနိုင်ငံလုံး ဆန္ဒပြကြွချီရာမှာ ဟသ်ာတမြို့ မိုးကောင်း ကျောင်းတိုက်က သံဃာအင်အား အများဆုံး ဦးဆောင်ပြီး ကျောင်းတိုက်အားလုံး ကြွချီဖို့ပြင်ဆင်ထားတယ်လို့ ကိုယ်တိုင်ကြွချီတဲ့ သံဃာတော်တပါးက မိန့်ကြားပါတယ်။ ■

---

## ရန်ကုန်မြို့မှာ လူထုက သံဃာထုနဲ့ ပူးပေါင်း ဆန္ဒပြနေ

ဗွီအိုအေ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

မြန်မာနိုင်ငံအနှံ့အပြား ဆန္ဒပြပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေရာမှာ ရန်ကုန်မြို့ကအခြေအနေတွေကို ထိုင်းနိုင်ငံအခြေစိုက် ဗီအိုအေ မြန်မာပိုင်းအစီအစဉ်ရဲ့သတင်းထောက် ဒေါ်အေးအေးမာက တင်ပြပေးထားပါတယ်။

ရဟန်းသံဃာတွေရဲ့ဆန္ဒပြမှုတွေ ပိုပြီးအရှိန်မြင့်တက်လာသလို ကြွေးကြော်သံတွေနဲ့တောင် ချီတက်လာကြပါတယ်။
သံဃာထုနဲ့အတူချီတက်လာတဲ့ လူငယ်တဦးပြောပြခဲ့တာကတော့

> **“အဝင်အထွက်တွေ အကုန်ပိတ်ထားတယ်။ ပိတ်ထားတဲ့နေရာမှာ ဘယ်လိုပိတ်ထားသလဲဆိုတော့ သံဆူးကြိုးတွေနဲ့ပိတ်ထားတယ်။ အဲဒီအနောက်မှာတခါ လုံထိန်းတွေပေါ့ဗျာ၊ လုံထိန်းတွေက သူတို့က လတ်စည်းအနီပါတ်တွေနဲ့ ကြည့်ပြီးတော့ ရပ်နေ ကြတယ်။ တခါ သူနဲ့ကားလမ်း တဖက်ခြမ်းပေါ့နော်၊ တက္ကသိုလ် ရိပ်သာ လမ်းထိပ်ပေါ့၊ အဲဒီဖက် အခြမ်းမှာကျတော့ စွမ်းအားရှင်တွေ ပေါ့လေ၊ ဒိုင်နာ သုံး၊ လေး စီးရှိတယ်။ အဲဒီဟာတွေက ကားဘဲတွေ့တယ်၊ ”**

“အမျိုးသားညီညွတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ဖမ်းထားတဲ့လူတွေ လွှတ်ပေးရေး၊ နောက် အရေးတော်ပုံ အောင်ရမည် ပေါ့ဗျာ။ အပါးကတော့ ၅,၀၀၀ ကျော် ရှိတယ်ပေါ့ခင်ဗျား၊ မယ်သီလရှင် ၁၀၀ ကျော်ပါတယ်၊ လူကတော့အနည်းဆုံး ၅,၀၀၀ ကျော်ရှိမယ်။ မိုးကလည်း အရမ်းရွာနေတယ်ခင်ဗျ။ ကျနော်တို့ ရွှေတိဂုံဘုရားကနေဆင်း လာတာပေါ့လေ၊ ကြားတောရ၊ ဗဟန်း မုခ်ဖက်ကနေပေါ့။ ကျနော်တို့ကဆူးလေဘုရား၊ Traders' ဟော်တယ်ရှေ့ကိုရောက်ပြီ။ ဟိုဖက် ကလည်း သိမ်ဖြူဈေးပေါ့၊ အဲဒီဖက်ကလည်း အပါး ၃,၀၀၀ လောက် ရှိတယ် ပြောတယ်၊ အဲဒီဖက်ကလည်း တက်လာတယ်။”

ဒီကနေ့ မြို့လယ်ခေါင်ကိုရောက်တဲ့ သံဃာထုအင်အားဟာ သောင်းဂဏန်းလောက်အထိရှိပြီး တချို့မြို့နယ်တွေမှာလည်း သူတို့မြို့နယ်တွေအတွင်း လှုပ်ရှားမှုတွေ ရှိနေကြပါတယ်။ မနေ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ရှေ့ကို ရုတ်တရက်သွားခွင့် ရလိုက်ပြီးတဲ့နောက် ဒီကနေ့မှာတော့ သံဃာတွေလာမှာကိုစိုးရိမ်ပြီး လုံခြုံရေးကိုအပြည့်ချထားတဲ့အကြောင်း အခုလို ဆက်ပြောပြပါတယ်။

“တွေ့တာကတော့ အခုဟာက အဝင်အထွက်တွေ အကုန်ပိတ်ထားတယ်။ ပိတ်ထားတဲ့နေရာမှာ ဘယ်လိုပိတ်ထားသလဲဆိုတော့ သံဆူးကြိုးတွေနဲ့ပိတ်ထားတယ်။ အဲဒီအနောက်မှာတခါ လုံထိန်းတွေပေါ့ဗျာ၊ လုံထိန်းတွေက သူတို့က လတ်စည်းအနီပါတ်တွေနဲ့ကြည့်ပြီးတော့ ရပ်နေကြတယ်။ တခါ သူနဲ့ကားလမ်းတဖက်ခြမ်းပေါ့နော်၊ တက္ကသိုလ်ရိပ်သာ လမ်းထိပ်ပေါ့၊ အဲဒီဖက်အခြမ်းမှာကျတော့ စွမ်းအားရှင်တွေပေါ့လေ၊ ဒိုင်နာ သုံး၊ လေးစီးရှိတယ်။ အဲဒီဟာတွေက ကားဘဲတွေ့တယ်၊ သူတို့က လူတွေခွဲ ပြီးတော့ ချထားတယ်။ တခါ စွမ်းအားရှင်တွေက ဘာလဲဆိုတော့ ဒိုင်နာကို သိပ်မသုံးတော့ဘူး၊ ဆလွန်းကားတို့၊ တက္ကဆီကားတို့ အဲဒါတွေကို သုံးကြတယ်။ သူတို့လည်း လူထုလို အသွင်ရောထားတယ်၊ အခုဟာက။ နောက်တခါ သူနဲ့ နှစ်ဖာလုံလောက်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အဲဒီ တက္ကသိုလ်ရိပ်သာ လမ်းထိပ်ပေါ့ဗျာ၊ ဗဟိုဘဏ်နားပေါ့လေ၊ အဲဒီမှာလည်း လုံထိန်းကားနှစ်စီး အပြည့်ရှိတယ်။ အဲဒီလိုဘဲ အနီပါတ်တွေနဲ့၊ ယူနီဖောင်း အပြည့် ဒိုင်းတွေနဲ့ပေါ့။”

အခု ညနေပိုင်းမှာရရှိတဲ့သတင်းတွေအရ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှိတဲ့ တက္ကသိုလ်ရိပ်သာလမ်းကို သံဃာအဖွဲ့တချို့ သွားရောက်နေကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီဖြစ်ကြောင်းကိုလည်း သတင်းတွေရပေမယ့် မျက်မြင်တွေ့ရှိသူတွေကို ဆက်သွယ်လို့ မရနိုင်တာကြောင့် အတည်မပြုနိုင်သေးပါဘူး။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးကလည်း မနက်ဖြန်မှာ အရှိန်မြင့်လုပ်ဆောင်မယ့် သူတို့ရဲ့လှုပ်ရှားမှုတွေအတွက် အထူးသတိပေး ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဒီကြေညာချက်ထဲမှာ စားဝတ်နေရေး၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ ဆိုင်းဘုတ်ကိုသာ ကိုင်ဆောင်ရမှာဖြစ်ပြီး တခြားရည်ရွယ်ချက်ပါတဲ့ဆိုင်းဘုတ်တွေကို ကိုင်ဆောင်ခွင့်မပြုကြောင်း သတိပေးထားပါတယ်။ ဒီလို သတိပေးရခြင်း ရည်ရွယ်နဲ့ပတ်သက်ပြီး သံဃာ့တပ်ပေါင်းစုကြီးရဲ့ပြောရေးဆိုခွင့်ရှိသူ တဦးဖြစ်တဲ့ ဦးခေမိန္ဒ က အခုလိုရှင်းပြပါတယ်။

“တခြားဆိုင်းဘုတ်တွေမဝင်စေချင်ဘူးဆိုတာ ဦးပဥ္စင်းတို့က မနက်ဖြန်ကို ပထမအရှိန်အဟုန်အနေနဲ့စမှာဆိုတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်၊ ကိုယ့်ဆန္ဒနဲ့ကိုယ်၊ ကိုယ့်အတွေးအခေါ်နဲ့ကိုယ် ရေးလာတဲ့စာမျိုးတွေတို့၊ ဒါ ဦးပဥ္စင်းတို့ ၈၈ မှာ ကြုံခဲ့ရသလိုမျိုးပေါ့၊ အဲဒီလို လမ်းလွဲဖြစ်စေမယ့်၊ တဖက် အာဏာရှင်တွေရော ရောထွေးယှက်တင်ဖြစ်လာမှာစိုးတဲ့အတွက် ဦးပဥ္စင်းတို့က စည်းကမ်းချက်အရ သတ်မှတ်ထားရတာဖြစ်ပါတယ်။” ■

---

## စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များမှ တပ်မတော်သားများကို ရဟန်းရှင်လူ ပြည်သူတွေ ဖက်က ရပ်တည်ရန် ဖိတ်ခေါ်

ဒီဗွီဘီ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

လယ်သမား သမဂ္ဂတွေ၊ သတင်းထောက် သမဂ္ဂတွေနဲ့အတူ စာပေ ဂီတ ရုပ်ရှင် အဖွဲ့တွေက သံဃာတော်တွေကို ထောက်ခံကြောင်း ကြေညာချက်တွေ ထုတ်ပြန်နေချိန်မှာ နာမည်ကျော် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ကလဲ တပ်မတော်သားတွေ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ကြံ့ဖွံ့ စွမ်းအားရှင်တွေကို ရဟန်းရှင်လူ ပြည်သူတွေဘက်က ရပ်တည်ဖို့ ဖိတ်ခေါ်

လိုက်ပါတယ်။ စာရေး ဆရာမ သန်းမြင့်အောင်နဲ့ ဒီဗွီဘီက မေးမြန်းထားပါတယ်။

ဒီဗွီဘီ။ ။ ဆရာမတို့က အခုပေါ့ ဆေးဝါးတွေ ကူညီဖို့ပေါ့ သံဃာတော်တွေကို။ လုပ်တယ်လို့ ကြားရလို့။ အဲဒါလေး ဘယ်လို ကူညီတယ်ဆိုတာ သိချင်လို့ပါ။

"ကျမသန်းမြင့်အောင်အနေနဲ့ ဆရာတော် သံဃာတော်တွေဟာ မိုးထဲ လေထဲမှာ အများအတွက်ကို လူထုအတွက်ကို ဆရာတော် သံဃာတော်တွေ ဒီလို ဒုက္ခဆင်းရဲကြီးစွာနဲ့ တိုက်ပွဲဝင်ပေးနေတဲ့အတွက် ဆရာတော်တွေရဲ့ ကျန်းမာရေးကို ကျမတို့ စိုးရိမ်တဲ့အတွက် ဒဏ်ကြေလိမ်းဆေး ကပ်ဖို့လို့ ကျမတို့ စီစဉ်နေတာပါ။ "

ဒီဗွီဘီ။ ။ ဆရာတော်တွေဟာ ဒီနေ့ဆိုရင် (၆) ရက် မြောက်ပါပြီ။ မိုးတွေ သည်းသည်းမည်းမည်း ရွာနေတဲ့ ကြားက တချို့နေရာတွေမှာဆိုရင် ရေတွေဟာ ဒူးလောက်နစ်တဲ့ ထဲမှာ လျှောက်နေကြတယ်။ သင်္ကန်းတွေ ရွှဲနေကြတယ်။ ဒီ ကိစ္စနဲ့ ကူညီပေးတာပေါ့လေ နော်။ အဲဒီတော့ ဆရာမကလျှူဒါန်းသလိုပဲ တခြားလေ စာရေး ဆရာမတွေ ရှိတယ်။ အနုပညာရှင်တွေ ရှိတယ်။ တခြား ရုပ်ရှင်မင်းသား မင်းသမီး အဲဒီလိုပေါ့ အနုပညာလောက စာပေလောကအသိုင်းအဝိုင်းက နောက်ဆုံး မော်ဒယ်တွေ အထိ။ သူတို့ကလဲ တကယ်ဆိုရင် ကူညီပေးသင့်တာပဲ။ သူတို့ကို ကူညီပေးဖို့ ဘယ်လိုများ တိုက်တွန်းလိုပါသလဲ ဆရာမ။

"အားလုံးလေ ကျမထင်ပါတယ်။ အားလုံးလာ အကူအညီပေးကြမှာ။ အားလုံးရဲ့ ရင်ထဲမှာလဲ ရှိပါတယ်။ ပြီးတော့ ကျမဆိုတာကလဲ ကျမ တယောက်ထဲ မဟုတ်ပါဘူး။ ဒီမှာပေါ့ ကျမရှိတယ်။ ဒေါ်ရွှေဇီးခွက်ရှိတယ်။ ဦးကျော်သူရဲ့ ဇနီးပေါ့။ နောက်ပြီးတော့ ကျမတို့အသိုင်းအဝိုင်း ကျမတို့ သူငယ်ချင်းတွေပေါ့။ အားလုံးလုပ်ကြမှာပါ။ ဒီလိုပဲ စာပေအနုပညာရှင် မော်ဒယ်လောက ကဗျာဆရာ စာရေးဆရာတွေအားလုံး တစိတ်တည်း တဝမ်းတည်း တသွေးတည်း တသားတည်းပါ။ အားလုံးဟာ ကူညီကြမှာပါ။ နောက်ပြီးတော့ အားလုံးကလဲပဲ ဘုရားသားတော်တွေ ဖြစ်တယ်ပေါ့။ နော် မြတ်စွာဘုရားရဲ့ သားတော်တွေ။ ကျမတို့ ဦးထိပ်ထားရတဲ့ ကျမတို့ အမြဲတမ်း ရှိသေလေးစားရတဲ့ အလေးအမြတ်ပြုရတဲ့ ပုဂ္ဂိုလ်တွေကိုယ်၌က ကျမတို့ လူထုအတွက်ကို ရှေ့တန်းကနေတိုက်ပွဲဝင်နေတဲ့ ဆရာတော် သံဃာတော်တွေကို ကျမတို့အားလုံးက ကပ်လှူရမှာ ပူဇော်ရမှာ။ ဆရာတော်တွေရဲ့ လမ်းကို ကျမတို့က နောက်က လိုက်ရမှာ ကျမတို့ ပြည်သူအားလုံးရဲ့ တာဝန်ပါ။ ဒီပြည်သူထဲမှာ အနုပညာရှင်တွေလဲ ရှိပါတယ်။ စာရေးဆရာတွေ၊ မော်ဒယ်တွေ ရှိတယ်၊ ရုပ်ရှင်မင်းသမီး မင်းသားတွေရှိတယ်။ လူမှုရေး လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အားလုံး ကျမတို့ တစိတ် တဝမ်းထဲ ရှိကြပါတယ်။ အားလုံး ကျမတို့ သွေးစည်းညီညွတ်စွာ ကျမတို့ ပူးပေါင်း ဆောင်ရွက်ကြမှာပါ။ ဒီအပြင်မှာ ကျမအနေနဲ့ထပ်ပြီးတော့မှ ကျမ တိုက်တွန်းနိုးဆော် ချင်တာက အခု ကျမတို့ဆီမှာက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ လူတန်းစား တရပ်နဲ့ နော် နောက်ပြီးတော့ သေသော်မှတည့် ဖြောင့်ကောင်း၏ ဆိုတဲ့ လူတန်းစား နှစ်ရပ်ကြားထဲမှာ ဆရာတော် ရှေ့ကနေပြီးတော့မှ ရှုပ်ရှုပ်ချွန်ချွန် မြတ်စွာဘုရားရဲ့အလိုကျ လူသားအားလုံးရဲ့ စိတ်ချမ်းသာရေး ကိုယ်ချမ်းသာရေး၊ လူ့အခွင့်အရေးတွေရရှိရေးအတွက်ကို ဆရာတော်တွေက ပြည်သူလူထုအတွက် လုပ်ပေးနေတာပါ။ အဲဒီ ပြည်သူလူထု ကြားထဲမှာ ပြည်သူ့တပ်မတော်သားတွေ ပြည်သူ့ရဲ့တပ်ဖွဲ့ဝင်တွေ ပြီးတဲ့အခါကျတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေး အသင်းဝင်တွေ စွမ်းအားရှင်တွေ အားလုံးအတွက် ဆရာတော်တွေရှေ့ကနေပြီးတော့ ဦးဆောင်လုပ်ပေးနေတာပါ။ ကျမတို့ အနုပညာရှင်တွေတင်မကဘဲနဲ့ ဒီ လူတန်းစားတွေ အားလုံးပါဝင်ကြပါ။ ပြီးတော့ ဆရာတော် သံဃာတော်တွေကို မပြစ်မှားကြပါနဲ့။ ဒီ ဆရာတော်သံဃာတော်တွေရဲ့ အဆုံးအမအောက်မှာ လိုက်ပါပြီးတော့မှ ကိုယ့်ရဲ့ လူသားအားလုံးရဲ့ ရပိုင်ခွင့်တွေကို စောင့်မျှော်ကြပါ။ ဆရာတော်တွေကို ရိုသေကြပါ။ အကုသိုလ် ထုပ်တွေ သယ်မသွားကြပါနဲ့။ ငတေအုပ်စုထဲကို ပါမသွားကြပါနဲ့လို့ ကျမက တိုက်တွန်းချင်ပါတယ်။ အားလုံးကို ဖိတ်ခေါ်ပါတယ်။ "

စာရေးဆရာမ သန်းမြင့်အောင်က တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေကို ရဟန်းရှင်လူပြည်သူတွေဖက် ရပ်တည်ဖို့ ဖိတ်ခေါ်လိုက်တာ ဖြစ်ပါတယ်။ အလားတူ လူရွှင်တော် ကိုဇာဂနာ၊ ဒါရိုက်တာ သရုပ်ဆောင်နဲ့ အဆိုကျော် ထွန်းအိန္ဒြာဗို၊ ကဗျာဆရာအောင်ဝေး၊ ဗန်းမော်ညိုနွဲ့၊ စာရေး ဆရာမကြီး ဒေါ်ကြည်ဦး စတဲ့ အနုပညာရှင် တွေကလဲ သံဃာတော်တွေကို ထောက်ခံဖို့ အလားတူ ဖိတ်ခေါ်ထားပါတယ်။ ■

---

# ကွန်ဒိုလီဇာရိုက်က မြန်မာစစ်အစိုးရဟာ ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရအဖြစ် ကြေညာ

ဘီဘီစီ ၊ ၁၃ ၊ စက်တဘ်ာ ၊ ၂၀၀၇

မြန်မာနိုင်ငံမှာ နှစ်ပေါင်း (၂၀)နီးပါးအတွင်း အကြီးမားဆုံးလို့ ဆိုရမယ့် စစ်အစိုးရကို ဆန္ဒပြမှုတွေ တဖြေးဖြေးကြီးထွားလာနေတာနဲ့ ပတ်သက်လို့ နိုင်ငံတကာထံက တုန့်ပြန်သံတွေ ပေါ်ထွက်လာခဲ့ပါပြီ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က မြန်မာအစိုးရဟာ ရက်စက်ကြမ်းကြုတ်တဲ့အစိုးရဖြစ်တယ်လို့ မနေ့က ရှုတ်ချပြောဆိုလိုက်ပြီး မြန်မာနိုင်ငံမှာ တနေ့တခြားကြီးထွားလာနေတဲ့ ကန့်ကွက်ဆန္ဒပြမှုတွေကို အမေရိကန် အစိုးရက စေ့စေ့စပ်စပ် စောင့်ကြည့်လေ့လာနေတယ်လို့ ပြောသွားပါတယ်။ မြန်မာပြည်သူတွေဟာ တခြားနိုင်ငံက ပြည်သူတွေလိုပဲ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်ရထိုက်ပါကြောင်း စစ်အစိုးရရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို အများက သိထားပြီးဖြစ်ကြောင်းနဲ့ ဒီအကြောင်းကို သမ္မတ ဘုရှ်အနေနဲ့ ထုတ်ဖော်ပြောဆိုသွားမှာဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ပြောသွားပါတယ်။

တခါ တိဘက်ဘာသာရေးခေါင်းဆောင် ဘုန်းတော်ကြီးဒလိုင်လားမားကလည်း မြန်မာနိုင်ငံမှာ သံဃာတော်တွေ ငြိမ်းချမ်းစွာဆန္ဒပြနေတာကို သူ့အနေနဲ့ အပြည့်အဝထောက်ခံပါကြောင်းနဲ့ ဒီလိုအကြမ်းမဖက်တဲ့ လှုပ်ရှားမှုမျိုးတွေကို ကမ္ဘာတဝှမ်းက လွတ်လပ်ခွင့်မြတ်နိုးသူတိုင်း ထောက်ခံကြဖို့ ပန်ကြားလိုပါကြောင်း သဝဏ်လွှာထုတ်ပြန်ခဲ့ပါတယ်။

အာဆီယံအဖွဲ့ အကြီးအကဲ မစ္စတာကန်ယွန်ကလည်း မြန်မာနိုင်ငံမှာ အခြေအနေတွေ အေးဆေးတည်ငြိမ်ဖို့ အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်တွေအနေနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်နေပါတယ်လို့ ပြောသွားပါတယ်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာရစ်အာမစ်အာဗာကတော့ မြန်မာနိုင်ငံမှာ အစိုးရ အပြောင်းအလဲဖြစ်ဖို့ဆိုတာ နိုင်ငံခြားတိုင်းပြည်ပေါ်မှာ မူမတည်ဘဲ မြန်မာပြည်သူတွေကသာ ကိုယ့်တိုင်ပြည်ရဲ့ အနာဂတ်ကို ကိုယ်တိုင်ဆုံးဖြတ်ရမှာဖြစ်တယ်လို့ ပြောသွားပါတယ်။ ဘီဘီစီနဲ့ဆက်သွယ်မေးမြန်းခန်းမှာ မစ္စတာ ဆာရစ်အာမစ်အာဗာက "အာဆီယံအဖွဲ့ဟာ မြန်မာနိုင်ငံအပေါ် ပြင်းပြင်းထန်ထန် ဖိအားပေးတာမျိုးမရှိဘူး။ မြန်မာနိုင်ငံအရေးကို ဂရုမစိုက်ဘူးဆိုတဲ့ ပြောဆိုချက်တွေဟာ မမှန်ပါကြောင်း၊ အာဆီယံရဲ့ ရပ်တည်ချက်ကို နိုင်ငံတကာကို ပြောထားပြီးဖြစ်သလို မြန်မာအစိုးရဘက်ကလည်း ဒါကိုလက်ခံထားပြီးဖြစ်ပါကြောင်း" မလေးရှားနိုင်ငံခြားရေဝန်ကြီး ဆာရစ်အာမစ်အာဗာကပြောသွားပါတယ်။ ■

---

# မြန်မာနိုင်ငံတွင်း ဆန္ဒပြလှုပ်ရှားမှုများ ရေချိန်မြင့်တက်နေဆဲ

ဒီဗွီဘီ ၊ ၂၃ ၊ စက်တင်ဘာ ၊ ၂၀၀၇

မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တွေက စစ်အစိုးရကို သပိတ်မှောက်ကံဆောင်ပြီး စီတန်းလှည့်လည်ဆန္ဒပြရာမှာ မနေ့ကတော့ ရန်ကုန်သံဃာတွေဟာ နေအိမ်မှာ အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံနေရတဲ့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နေအိမ်ရှေ့ကိုသွားရောက်ပြီး မေတ္တာပို့ဆုတောင်းမှုတွေလုပ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ခြံရှေ့ကိုထွက်လာပြီး၊ သံဃာတွေကို ဂါရဝပြုခဲ့ပြီး မိနစ် ၂၀ လောက် ကြာပြီးတဲ့ နောက်တော့ သံဃာတော်တွေဖက်က ငြိမ်းငြိမ်းချမ်းချမ်း တည်ငြိမ်စွာနဲ့ပဲ အဲဒီကနေ ရန်ကုန်မြို့ထဲကို ဆက်လက်ချီတက်ခဲ့ကြပါတယ်။ ရဟန်းသံဃာတွေဟာ လမ်းပေါ်ထွက် မေတ္တာပို့ဆုတောင်းပြီး အစိုးရကို ကန့်ကွက်ဆန္ဒပြနေရာမှာ မနေ့ကဆို ၅ ရက် ရှိသွားပြီဖြစ်ပေမယ့်၊ ဒီလှုပ်ရှားဆန္ဒပြမှုဟာ ရပ်တန့်သွားမယ့် အလားအလာပုံတော့ မရှိဘူးလို့ ဘန်ကောက်မြို့က ဗီအိုအေသတင်းထောက် Ron Corben က သတင်းပေးပို့ထားပါတယ်။

ရန်ကုန်မှာတော့ မနေ့က ထောင်နဲ့ချီတဲ့ရဟန်းတွေဟာ ရွှေတိဂုံဘုရားပေါ်ကနေ နှစ်အုပ်စုခွဲပြီး စီတန်းလှည့်လည်ရာမှာ တစ်အုပ်စုကတော့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှိရာကိုသွားခဲ့ပါတယ်။ သံဃာတွေရဲ့ စီတန်းလှည့်လည်ဆန္ဒပြရာမှာပါဝင်ခဲ့တဲ့ ရန်ကုန်မြို့ခံတစ်ဦးက ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့ကို ဘယ်လို ရောက်သွားတယ်၊ နောက် ဘယ်လိုတွေ့ရတယ်ဆိုတာကို ဗီအိုအေကို အခုလို ပြောပြပါတယ်။

“ဒီ ဒေါ်အောင်ဆန်းစု အိမ်ရှေ့ပေါ့နော်၊ ဒီ လုံခြုံရေးအစောင့်တွေကို ဘုန်းကြီးတွေကပြောပြနေတာပေါ့နော်၊ ‘ငါတို့ ဗုဒ္ဓဘာသာတွေပဲ၊ ငါတို့ မေတ္တာပို့ အမျှဝေတာပဲ လုပ်တာ၊ မင်းတို့က ဗုဒ္ဓဘာသာတွေဆိုရင် ဖွင့်ပေးဖို့လိုတယ်၊’ – လို့ ဆိုပြီး ဘုန်းကြီးတွေက ပြောလည်းပြောရော အထက်ကိုဖုန်းတွေဘာတွေနဲ့ လှမ်းပြောပုံရတယ်။ ၅ မိနစ် ၁၀ မိနစ်လောက်ကြာတော့ ဒီ တံခါးကို ဖွင့်ပေးလိုက်တယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့လည်း ရောက်လည်းရောက်ရော ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့ဖက်ကို လှည့်ပြီးတော့ အမျှပေးဝေပြီးတော့ အသံက အကျယ်ကြီးပဲဆိုတော့ နောက် ၅ မိနစ်လောက်လည်းနေရော အန်တီစုကနေပြီးတော့ ဝန်းတံခါးကြီးကနေ မလွယ်ပေါက်ပေါ့နော်၊ လူတစ်ကိုယ်စာဝင်တဲ့ အဲဒီ အပေါက်လေးကနေပြီးတော့ ထွက်လာတယ်။ ဒီ တံခါးပေါက် ရှေ့ကနေပြီးတော့ နှစ်ပေသုံးပေ အကွာလောက် ထွက်လာပြီးတော့ ဒီ သံဃာတော်တွေကို လက်အုပ်ချီပြီးတော့ အရိုအသေ ပေးတယ်။ အရိုအသေပေးတော့ အဲဒီပရိတ်သတ်ကလည်း ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေဆိုပြီးတော့ အကုန်လုံး၊ ပရိတ်သတ်တွေရော၊ ဘုန်းကြီးတွေရော မေတ္တာပို့တယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ပြုံးပြုံးလေးနဲ့ပေါ့နော်၊ ကျန်းကျန်းမာမာ ပဲ၊ သူက ပင်နီဝတ်စုံ ဝတ်ထားပြီးတော့ ကန်တော့ပါတယ်။ ကန်တော့ပြီးတော့ ကျန်တဲ့တချို့ပြည်သူတွေကလည်း ဒေါ်အောင်ဆန်းစုကြည် ကို လျှပ်တပြက် တွေ့လိုက်တော့ ငိုတဲ့သူက ငို၊ တချို့ ထိုင်ကန်တော့တဲ့သူက ထိုင်ကန်တော့နဲ့၊ ၁၀ မိနစ်လောက်လည်းနေရော ဘုန်းကြီးတစ်ပါးက – ကဲ အားလုံးလည်း ပြီးသွားပြီ၊ ငါတို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆက်သွားကြမယ်ဆိုပြီးတော့ အဲဒီအချိန်မှာဆက်လိုက်ကြတယ်။”

> **အခုဆန္ဒပြမှုတွေဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်းကတည်းကဆိုရင် ပထမဆုံးအကြိမ် လူထုကနေ စစ်အစိုးရကို ဆန့်ကျင်ပြီး ထိပ်တိုက် တွေ့လိုက်တာပါ။ ပြောရမယ်ဆိုရင် စစ်အစိုးရအနေနဲ့ ဒီအပေါ်မှာဘယ်လို တုံ့ပြန် တုံ့ပြန် ဘာလုပ်လုပ် အရှုံးနဲ့ပဲ ရင်ဆိုင်ရမယ့်အခြေအနေပါ။**

ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှေ့ကနေ အပြန်မှာတော့ သံဃာတွေ ရန်ကုန်မြို့ထဲကို ဆက်လက် ချီတက်ပြီး၊ ရန်ကုန်မြို့လယ် ဆူးလေမှာ စုဝေးခဲ့ကြပါတယ်။ ဆူးလေဘုရားပေါ်မှာတော့ သံဃာတွေစုဝေး စနစ်တကျအစုလေးတွေ ပြန်လည်ဖွဲ့ပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သံဃာတော်တွေဖက်က ဆောင်ရွက်မယ်လို့ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်လို့ မျက်မြင်တွေက ပြောပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့မှာတော့ ကျောင်းတိုက် အသီးသီးက သံဃာအပါး တစ်သောင်းကျော်ဟာ မန္တလေး အိမ်တော်ရာဘုရားကို စီတန်းလှည့်လည်ဆန္ဒပြခဲ့ကြပါတယ်။ မန္တလေးဟာ မြန်မာနိုင်ငံ သံဃာအများဆုံးရှိတဲ့မြို့ဖြစ်တာကြောင့်၊ အခု မြန်မာနိုင်ငံ တဝှမ်း သံဃာတွေရဲ့ ဆန္ဒပြမှုတလျှောက် အရေအတွက်အများဆုံး သံဃာ အင်အား ဆန္ဒပြကြတာလို့ဆိုရပါမယ်။ မနေ့ကတော့ ရန်ကုန်၊ မန္တလေး အပြင် မုံရွာ၊ ရေနံချောင်း စစ်ကိုင်း၊ ကောမှူးနဲ့ တောင်တွင်းကြီးတို့မှာလည်း ဒေသခံရဟန်းသံဃာတွေ စီတန်လှည်လည်ပြီး မေတ္တာပို့ ဆုတောင်းမှုတွေ လုပ်ခဲ့ပါတယ်။

ဒီ သံဃာလှုပ်ရှားမှုတွေလုပ်ဖို့ တပ်လှပ် ဦးဆောင်ခဲ့တဲ့ မြန်မာနိုင်ငံသံဃာတပ်ပေါင်းစုကြီးကတော့ တနေ့ကကြေညာချက် တစ်စောင် ထုတ်ရာမှာ လာမယ့်တနင်္လာနေ့ စက်တင်ဘာလ ၂၄ ရက်နေ့မှာတော့ ဒီ သံဃာတွေရဲ့လှုပ်ရှားမှုအပေါ် ကျောင်းသားပြည်သူ အလုပ်သမား လယ်သမား တပ်မတော်သားတွေပါမကျန် ပူးပေါင်းပါဝင်ကြဖို့တိုက်တွန်း ဆော်သြထားပါတယ်။ အခုလှုပ်ရှားမှုနဲ့ပတ်သက်လို့ ကျောင်းသားတွေဖက်ကလည်း ထောက်ခံပါဝင်နေတာတွေ့ရသလို၊ အခုဆိုရင် အချို့နာမည်ကျော် အနုပညာရှင်တွေပါ သူတို့ရဲ့သဘောထားတွေ ထုတ်ဖော်ပြောဆိုတာတွေ လုပ်လာပါတယ်။အခုလို လှုပ်ရှားမှုတွေဟာ စစ်အစိုးရအတွက်တော့ တကယ့်ကို ပြင်းထန်တဲ့ဖိအားတစ်ရပ်ဖြစ်တယ်လို့(ALTSEAN Network for Burma) မြန်မာနိုင်ငံဆိုင်ရာ အရှေ့တောင်အာရှ လူ့အခွင့်အရေးအဖွဲ့က တာဝန်ခံ Dabby Stothardt က အခုလိုပြောပါတယ်။

“အခုဆန္ဒပြမှုတွေဟာ ၁၉၈၈ ခုနှစ် နောက်ပိုင်းကတည်းကဆိုရင် ပထမဆုံးအကြိမ် လူထုကနေစစ်အစိုးရကို ဆန့်ကျင်ပြီး ထိပ်တိုက်တွေ့လိုက်တာပါ။ ပြောရမယ်ဆိုရင် စစ်အစိုးရအနေနဲ့ ဒီအပေါ်မှာဘယ်လို တုံ့ပြန် တုံ့ပြန် ဘာလုပ်လုပ် အရှုံးနဲ့ပဲ ရင်ဆိုင်ရမယ့်အခြေအနေပါ။ ဒီ သံဃာတော်တွေကို အကြမ်းဖက်နှိမ်နင်းမယ်ဆိုရင်တော့ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ စစ်အစိုးရအတွက် သိပ်ကိုအရုပ်ဆိုးစေမှာပါ။”

ဒီ့မတိုင်ခင် ပထမအရင် ကျောင်းသားတွေ လူထုတွေဆန္ဒပြစဉ်ကတော့ ကြံ့ခိုင်ရေးနဲ့ စွမ်းအားရှင်အဖွဲ့တွေသုံးပြီး အကြမ်းဖက်ဖမ်းဆီးတာတွေလုပ်ပေမယ့်လို့ အခုနောက်ပိုင်းတော့ သူတို့ကို ပေါ်ပေါ်ထင်ထင် မတွေ့ရတော့ဘူးလို့ ၅ ရက်တာ သံဃာတွေရဲ့ ဆန္ဒပြမှုတလျှောက် တောက်လျှောက်လိုက်ပါခဲ့တဲ့ ရန်ကုန်မြို့ခံက အခုလိုပြောပါတယ်။

“နောက်ပိုင်း ဗုဒ္ဓဟူး၊ ကြာသပတေး လောက်ကျတော့ တကယ် ထူးထူးခြားခြား ဒီ စွမ်းအားရှင်ပဲ ဖြစ်ဖြစ်၊ ကြံ့ဖွံ့တွေပဲ ဖြစ်ဖြစ် မရှိတော့ဘူး။ ဒီနေ့ဆိုရင် အရင်တုန်းက လိုက်နေတဲ့သူတွေပေါ့၊ အက်စ်ဘီ တို့၊ ထောက်လှမ်းရေးတို့ အစိုးရလူတွေလို့ပဲ ပြောရမှာပေါ့၊ ဆိုင်ကယ်တွေ တဝှီးဝှီး တကားကားနဲ့ လုပ်တာ၊အခု လုံးဝကို မတွေ့ရသလောက်ပဲ။”

စစ်အစိုးရ အနေနဲ့ကတော့ သူတို့အနေနဲ့ တိုင်းပြည်ကို စည်းကမ်းရှိတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ ချပြီးဆောင်ရွက်နေတယ်။ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံမူကြမ်းအတွက် ညောင်နှစ်ပင်အမျိုးသားညီလာခံလည်း ပြီးဆုံးသွားပြီလို့ ပြောနေပါတယ်။ မကြာခင် ဖွဲ့စည်းပုံအသစ်ဆွဲပြီး ရွေးကောက်ပွဲတစ်ရပ် ခေါ်ယူမယ်လို့ဆိုပါတယ်။ အခု ဆန္ဒပြလှုပ်ရှားမှုတွေအပေါ်မှာ ရင်ဆိုင်ဖို့ နိုင်ငံတကာမှာလည်း ဒီအတိုင်းပဲ ထပ်ပြောမယ့်ပုံ ရှိနေပါတယ်။ ဒါပေမယ့်လို့ မကြာခင် မြန်မာနိုင်ငံပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ် အစည်းအဝေးလုပ်ပြီးနောက် အမေရိကန်နဲ့ဗြိတိသျှကိုယ်စားလှယ်တွေက သတင်းထောက်တွေ ပြောရာမှာ ဒီ အမျိုးသားညီလာခံဟာ အနှစ်သာရမရှိဘူးလို့ ဆိုလေတော့၊ စစ်အစိုးရရဲ့ ဒီ နိုင်ငံရေးလုပ်ငန်းစဉ်ဆိုတဲ့အပေါ် နိုင်ငံရေးအင်အားစုတွေကို ပစ်ပယ်ထားလေတော့ ပြည်တွင်းမှာတင်မက နိုင်ငံတကာမှာလည်း ဝေဖန်ခံနေရတဲ့သဘော ရှိနေရပါတယ်။ ■

## မြန်မာနိုင်ငံအတွင်း ဆန္ဒပြပွဲများမှ ဓာတ်ပုံသတင်းမှတ်တမ်း











# အထူးထုတ်ပြန်ကြေညာချက်

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
## (လွတ်မြောက်နယ်မြေ)

ရက်စွဲ။ ။ စက်တင်ဘာလ (၂၄)ရက်၊ ၂၀၀၇ခုနှစ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သည် လက်ရှိ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုလှုပ်ရှားမှု (လူထုတိုက်ပွဲ)ကို ဝန်းရံကူညီပံ့ပိုးပေးသွားနိုင်ရန်အတွက် အောက်ဖော်ပြပါအဖွဲ့ဝင်များဖြင့် "လူထုတိုက်ပွဲ ကော်မီတီ" အား အရေးပေါ်ဖွဲ့စည်းလိုက်သည်။

**"လူထုတိုက်ပွဲကော်မီတီ "**

၁။ ကိုမြင့်စိုး
၂။ ခွန်မြင့်ထွန်း
၃။ ကိုညိုအုန်းမြင့်
၄။ ကိုနေတင်မြင့်
၅။ ကိုဝင်းလှိုင်
၆။ ကိုတိုးလွင်
၇။ ကိုမိုးဇော်ဦး
၈။ ကိုထွန်းအောင်ကျော်
၉။ ကိုမိုးမြတ်သူ

(၂၄-၉-၀၇)ရက်နေ့တွင် ကျင်းပသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ)



"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ လူထုတိုက်ပွဲ ကော်မတီဝင်များ"



"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၏ လူထုတိုက်ပွဲ ကော်မတီဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲ"

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "